# [Myanmar 3 Unicode Keyboard Layout]()

Myanmar 3 Unicode System ကို ကျွန်တော်စမ်းသုံးကြည့်ခဲ့ပါတယ်။ ခက်မယ်လို့ ထင်နေရတဲ့ Myanmar 3 ကို သေချာ သုံးကြည့်လိုက်တော့ လွယ်နေတာကို တွေ့ရပါတယ်။ သူ၏ လက်ကွက်ပုံစံက Zawgyi font, Win Font, CE Font တို့နဲ့ စာလုံးထားရှိပုံ အနည်းငယ်သာ ကွာခြားသည့်အတွက် Zawgyi, Win လက်ကွက် ရသူပဲဖြစ်ဖြစ်၊ CE , Metrix လက်ကွက်ရသူပဲ ဖြစ်ဖြစ် အဆင်ပြေပြေသုံးနိုင်လိမ့်မယ်လို့ ယုံကြည့်မိပါတယ်။ စာလုံးရိုက်နှိပ်ရာတွင်လည်း ပုံမှန် ရိုက်နှိပ်ခြင်းနဲ့ Shift key တွဲ၍ ရိုက်နှိပ်ခြင်း ဆိုပြီး နှစ်မျိုးသာ ရှိပါသည်။ ထူးခြားချက်အနေဖြင့် ပါဌ်ဆင့်စာလုံးများ ရိုက်လိုပါက **Shift+f key** ခံ၍ အသုံးပြုရပါသည်။

ဥပမာ - န္တ = န ( e ) + (Shift+f) + တ ( w )

Myanmar 3 Unicode က စသုံးခါစ အမြင်အရ ရှုပ်ထွေးတယ် ထင်ရပေမဲ့။ သေချာ သဘောတရားကို နားလည်အောင် ကြည့်ပြီး အသုံးပြုကြည့်သည့်အခါမှာတော့ အလွန်လွယ်ကူတာကို တွေ့ရပါတယ်။

အခုလည်း Myanmar 3 Unicode Keyboard ပုံစံကို စာဖတ်သူတို့ လေ့လာနိုင်ဖို့အတွက် ကျွန်တော်စိတ်ကူးနဲ့ ကျွန်တော် Myanmar 3 Unicode Keyboard Layout ပုံစံဆွဲထားတာလေးကို တင်ပေးလိုက်ပါတယ်။ အသုံးဝင်လို့ ဝင်ညားပေါ့။ စာဖတ်သူတို့လဲ အသုံးလိုတယ်ဆိုက ကြိုက်သလိုသာ ယူပါလေ...




စာဖတ်သူအနေဖြင့် Myanmar 3 Unicode ကို Download လုပ်လိုပါက **(** [http://www.myanmarnlp.net.mm](http://www.myanmarnlp.net.mm) **)** ဆိုသည့် မူရင်းဆိုဒ်တွင် ရယူနိုင်ပါတယ်။